**၂။ အုန်းကြံ့ပိုး**

**Coconut rhinoceros beetle: *Oryctes rhinoceros* (Linnaeus)**

**Coleoptera: Scarabaeidae: Dynastinae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**





ကြံ့ခိုင်သန်မာသော အကောင်ကြီးသည် အညိုရောင်အရင့် မှ အနက်ရောင် ရှိပြီး ခေါင်းပေါ်တွင် ထင်ရှားသည့် နှာမောင်းပါရှိ**ကာ** အရှည် **(**၃၅- ၅၀ **)** မီလီမီတာခန့် နှင့် အကျယ် (၂၀ –၂၃ ) မီလီ မီတာ ခန့် အရွယ်အစား ရှိသည်။

**ဖျက်ဆီးပုံလက္ခဏာများ**

 

ဆီအုန်းပင်တွင် ရွက်ညှာအခြေမှ ထိုးဖောက်ဝင်ရောက်ပြီး မပြန့်သေးသည့် ဗဟိုအရွက် လိပ်ထဲသို့ ဝင်ရောက်ဖျက်ဆီးသည်။ ပိုးကောင်ဝင်ပေါက် နှင့် ၎င်းအပေါက်အတွင်းပိုင်းတွင် အမျှင်အပိုင်းအစများကို တွေ့မြင်နိုင်သည်။ အရွက်များတွင် အင်္ဂလိပ်အက္ခရာ "V" ပုံသဏ္ဍာန် (သို့မဟုတ်) သတ်ပုံသဏ္ဍာန်ပြတ်နေသော အရွက်များကို တွေ့နိုင်သည်။ အပင်ကြီးထွားသည့် နေရာ (သို့မဟုတ်) ပင်စည်နုထဲသို့ ထိုးဖောက်ဝင်ရောက် စားသောက်ခြင်းဖြင့် ဆီအုန်းပင် အငယ်များအား သေစေသည်။ လောက်ကောင်များသည် သေနေသော သစ်သားများ၊ သေနေသော အုန်းမျိုးနွယ်ပင်ပင်စည်များ နှင့် အပင်ဖျားရှိ သေနေသောအုန်းလက်များပေါ် တွင် ပွားများနေထိုင်သည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | – ( ၈ – ၁၂ ) ရက် |
| လောက်ကောင် အဆင့် | – ( ၈၀ – ၂၀၀ ) ရက် |
| ရုပ်ဖုံး အဆင့် | – ( ၁၇ – ၃၀ ) ရက် |
| အကောင်ကြီး အဆင့် | – (၆ ) လ |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)ဖျက်ပိုးကျရောက်မှု ရှိ/မရှိ ကို ပုံမှန် ကင်းထောက်ပါ။ အလင်းရောင်ထောင်ချောက်ထွန်း၍ ကင်းထောက်နိုင်သည်။

(၂) စိုက်ခင်းအတွင်း နှင့် ပတ်လည်အား ဖျက်ပိုးကျရောက်လျက်ရှိသော အပင် အစိတ်အပိုင်းများ၊အပင်သေများ၊အပုပ်အဆွေးများအားမီးရှို့ရှင်းလင်းပါ။

(၃)မြေဆွေးအပုံများအကြားရှိနေနိုင်သောပိုးကောင်အစိတ်အပိုင်းများအားဖျက်ဆီးပါ။

(၄)ဝါယာကြိုးထိပ်ပိုင်းတွင်ကွင်းပြုလုပ်၍ အပင်ငယ်တွင် ဝင်ရောက်စားသောက် ဖျက်ဆီးနေသော အကောင်ကြီးများအား ဖယ်ရှားပါ။

(၅)ပိုးလောက်ကောင်များကို ဖယ်ရှားနိုင်ရန် နွားချေး/ကျွဲချေးပုံများ/တွင်းများကို ပုံမှန်အထက်အောက် လှန်ပေးပါ။

(၆)သင့်လျော်သောမျိုးပွားရန်နေရာ (သို့မဟုတ်) ဆီအုန်းပင်ငယ်များကို ရှာဖွေရန်အတွက်အကောင်ကြီးရွေ့လျားမှုကို တားဆီးရန် အကြီးမြန်သော မြေဖုံးပင်များ စိုက်ပျိုးပါ။

(၇) **Palm crown** အတွင်းရှိအကောင်ကြီးများအားချိတ်ဖြင့်ဖမ်းယူပါ။

(၈) ဖိုရိတ် ၁၀ဂျီ (Phorate 10G) အား (၅)ဂရမ် အထုပ်လေးများပြုလုပ်၍အတွင်း အကျဆုံးဝင်ရိုးအူတိုင်/ တွင်(၆)လတကြိမ်ချိတ်ဆွဲပေးပါ။

(၉)ဖျက်ပိုးပွားများနိုင်သောနေရာများ(သို့)မြေဆွေးပုံများတွင်ထိသေ၊စားသေအာနိသင်ရှိပိုးသတ်ဆေးများအားဆေးအညွှန်းအတိုင်းပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာတွင် ဖော်ပြ ထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ခူးဆွတ်ပါ။

- ကာဘာရိုင်း (Carbaryl)
- ဆိုင်ပါမီသရင်(Cypremethrin)
- ဒယ်လ်တာမီသရင်(Deltamethrin)